"အသံ"

# "တရုတ်နိုင်ငံနှင့် အာဖရိကတိုက်သည် တန်းတူညီမျှစွာ ပူးပေါင်းဆောင်ရွက်မှုဖြင့် ချစ်ကြည်ရေးကို တိုးများစေလျက်

"တရုတ်ပြည်သူ(၁. ၃)ဘီလီယံတို့သည် အာဖရိကတိုက်ပြည်သူ (၁. ၂)ဘီလီယံကျော်နှင့်အတူ အသက်ရှူကြသည်။ တူညီသောကံကြမ္မာလည်း ရှိပါသည်။ အာဖရိကတိုက်ကို အမြဲတမ်းလေးစား၊ ချစ်ကြည်၊ ထောက်ပံ့ပေးသည်။ 'အချက်မဲ့(၅)ချက်'ကို ခိုင်မြဲစွာလုပ်ဆောင်နေသည်။ ၎င်းဆိုလိုသည်မှာ အာဖရိကတိုက်နိုင်ငံများ မိမိနိုင်ငံအခြေအနေနှင့် ကိုက်ညီသည့် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းရှာဖွေခြင်းကို ဝင်ရောက်စွက်ဖက်ခြင်းမပြု၊ အာဖရိကတိုက် ပြည်ထဲရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြု၊ မိမိ၏အတွေးကို အခြားသူအပေါ် လုပ်ဆောင်စေလိုခြင်းမပြု၊ အာဖရိကတိုက်အပေါ် ထောက်ပံ့မှုကို မည်သည့်နိုင်ငံရေးတောင်းဆိုမှုကိုမျှလုပ်ဆောင်ခြင်းမပြု၊ အာဖရိကတိုက်အပေါ် ရင်းနှီးမြှုပ်နှံမှုအတွင်းမှ မည်သည့်နိုင်ငံရေး အကျိုးအမြတ်ကိုမျှ လုပ်ဆောင်ခြင်းမပြုခြင်းစသည်တို့ဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးတို့သည်လည်း အာဖရိကတိုက်ရေးရာများကို လုပ်ဆောင်သည့်အခါ အဆိုပါ 'အချက်မဲ့(၅)ချက်' ကို လုပ်ဆောင်ပေးနိုင်ရန် တရုတ်နိုင်ငံက မျှော်လင့်ပါသည်။"

စက်တင်ဘာလ (၃)ရက်နေ့က ကျင်းပသည့် တရုတ်-အာဖရိက ပူးပေါင်းဆောင်ရွက်မှုဖိုရမ်- ပေကျင်းထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် တရုတ် နိုင်ငံသမ္မတရှီကျင့်ဖျင်သည် မိန့်ခွန်းပြောကြားရာ၌ တရုတ်နိုင်ငံက အာဖရိကနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် 'အချက်မဲ့(၅)ချက်'ကို လုပ်ဆောင်ရခြင်းမှာ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူဝါဒ(၅)ရပ်အပေါ် ဆက်ခံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုပင်ဖြစ်ပါကြောင်း၊ အနာဂတ်ခရီးကိုရှေ့ဆက်ခြင်း၊ ခေတ်သစ်တရုတ်အာဖရိကဆက်ဆံရေး၏ ထင်ရှားသိသာသောထူးခြားချက်များကို ဖော်ပြခြင်းဖြစ်ကြောင်း စသည်ဖြင့်ပြောကြားခဲ့သည်။ ယင်းအပေါ် အာဖရိကတိုက်မှ မိတ်ဆွေတို့သည် အထူးချီးကျူးကြပါသည်။

အာဖရိကမဟာမိတ်အဖွဲ့၏အလှည့်ကျဥက္ကဋ္ဌ၊ ရဝမ်ဒါသမ္မတခါကျာမိန်၏ အမြင်တွင် တရုတ်နိုင်ငံသည် "အထူးလေးစားအပ်သော လုပ်ဖော်ကိုင်ဖက်" ဖြစ်ပါသည်။ "အာဖရိကတိုက်နှင့်တရုတ်နိုင်ငံဆက်ဆံရေးသည် တန်းတူညီမျှ၊ အပြန်အလှန်လေးစားခြင်းနှင့် အတူသာယာသောဂတိအခြေခံပေါ်မှ တည်ထောင်ထားခြင်းဖြစ်သည်။ ကျွန်တော်တို့နှင့် တရုတ်နိုင်ငံ၏ ပိုမိုခိုင်မာကြီးမားလာသည့်ဆက်ဆံရေးသည် မည်သူ့၏ဆုံးရှုံးမှုဖြင့်မဆို စတေးလုပ်ဆောင်မည်မဟုတ်ပေ။"

အာဖရိကတိုက် နိုင်ငံများအနေဖြင့် တရုတ်နိုင်ငံမှ 'အချက်မဲ့(၅)ချက်' မူဝါဒကိုထုတ်ပြန်သည့်အတွက်ကြောင့် တရုတ်အာဖရိကပူးပေါင်းဆောင်ရွက်ရေးအပေါ် အနောက်တိုင်းနိုင်ငံအချို့မှ "ကိုလိုနီမူဝါဒအသစ်"စသည့် သုံးသပ်စွပ်စွဲမှုများကို ပြန်လည်ချေပခြင်းပင်ဖြစ်သည်။

"တရုတ်အာဖရိကပူးပေါင်းဆောင်ရွက်ရေးတွင် 'ကိုလိုနီမူဝါဒအသစ်' မရှိပေ။"ဟု တောင်အာဖရိကသမ္မတလှမာဖူစာကပြောကြားသည်။ တရုတ်နိုင်ငံသည် တန်းတူညီမျှပြီး အပြန်အလှန်လေးစားသည့်အခြေခံပေါ်တွင် အာဖရိကတိုက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ခြင်းဖြစ်သည်။ တရုတ်အာဖရိက နှစ်ဦးနှစ်ဖက်တို့ အောင်မြင်စွာပူးပေါင်းဆောင်ရွက်နိုင်ရန် အာဖရိကတိုက်နိုင်ငံများက အလွန်ကြိုဆိုလျက်ရှိပါသည်။



"သမိုင်းပေါ်တွင် တရုတ်နိုင်ငံသည် အာဖရိကတိုက်ကို ကိုလိုနီလုပ်ဆောင်မှုလုံးဝမရှိခဲ့ပေ။ ယခုအချိန်တွင် တရုတ်နိုင်ငံသည် အာဖရိကတိုက်၏ အကြီးဆုံးသော ကုန်သွယ်ရေးလုပ်ဖော်ကိုင်ဖက်ဖြစ်သည်။ အာဖရိကတိုက်အတွက်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများစွာကို ထောက်ပံ့ပေးနေသည်။ ထိုနောက်ကွယ်တွင်ပြောဆိုနေသည့် အနောက်တိုင်းနိုင်ငံများ ဘယ်ရောက်သွားသလဲ။" အနောက်တိုင်းနိုင်ငံများမှ မမှန်ကန်သောပြောဆိုမှုများအပေါ် တရုတ်နိုင်ငံအခြေစိုက် ဇင်ဘာဘွေသံအမတ် ပေါလ်ချီခါဝါက ဤကဲ့သို့ ပြန်လည်မေးမြန်းခဲ့သည်။ "စီးပွားရေးပမာဏအားဖြင့် ဇင်ဘာဘွေသည် တရုတ်နိုင်ငံနှင့် အထူးကွာခြားပါသည်။ သို့သော် ဇင်ဘာဘွေမှအခက်အခဲများနှင့် ကြုံတွေ့သည့်အခါတိုင်း တရုတ်နိုင်ငံသည် ကျွန်တော်တို့နှင့်အမြဲအတူဖြေရှင်းမှုနည်းလမ်းကို ရှာဖွေသည်။ တန်းတူညီမျှသောပူးပေါင်းဆောင်ရွက်မှုကို လုပ်ဆောင်ရန် ကြိုးစားပါသည်။"

တရုတ်နိုင်ငံသည် အာဖရိကတိုက်နိုင်ငံများအပေါ် အမြဲတန်းတူညီမျှစွာဆက်ဆံနေသည်ဟု နမီးဘီးယားသမ္မတကိန်းကော်ပူကလည်း ထင်မြင်ယူဆပါသည်။ "တရုတ်နိုင်ငံသည် အာဖရိကတိုက်၏ ရိုးသားသော လုပ်ဖော်ကိုင်ဖက်နှင့် မိတ်ဆွေဖြစ်သည်။ အာဖရိကတိုက်ပြည်သူတို့သည် ပြင်ပမှတရုတ်နိုင်ငံကို အထောက်အထားမရှိဘဲ စွပ်စွဲသည်ကို ဆန့်ကျင်ပါသည်။"

"ပြည်သူ့နေ့စဉ်သတင်းစာပြည်ပကော်လံ"

သတင်းထောက်-ကျန်းဟုန်၊ ရန်ယူ

# ယူနန်အစိမ်းရောင်စားသောက်ကုန် ဖိလစ်ပိုင်ကျင်းပသည့် အာရှတိုက်စားသောက်ကုန်နှင့်ဖျော်ရည်ပြပွဲတွင် ခင်းကျင်းပြသ၊ ရေပန်းစားလျက်ရှိနေ

စက်တင်ဘာလ(၈)ရက်နေ့က ဖိလစ်ပိုင်(မနီလာ)အခြေစိုက် ယူနန်ကော်မာရှယ်ကိုယ်စားလှယ်ဌာနသည် ယူနန်အစိမ်းရောင်စားသောက်ကုန်လုပ်ငန်းကြီး(၈)ခုမှ လုပ်ငန်းအဖွဲ့(၂၀)ကျော်တို့၏ ကုန်ပစ္စည်းများကို သယ်ဆောင်လာပြီး မနီလာမြို့ ကမ္ဘာ့ကုန်သွယ်မှုစင်တာတွင် (၂၀၁၈)ခုနှစ်(၂၂)ကြိမ်မြောက် အာရှတိုက်စားသောက်ကုန်နှင့်ဖျော်ရည်ပြပွဲတွင် ပါဝင်ခင်းကျင်းခဲ့ရာ အဆိုပါကုန်စည်များသည် အထူးရေပန်းစားလျက်ရှိကြောင်း သိရပါသည်။

ယူနန် "အစိမ်းရောင်စားသောက်ကုန်"သည် ယူနန်ကုန်းမြင့်ထူးခြားချက် ခေတ်ပေါ်စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိကမှီခိုခြင်းဖြစ်ကြောင်း၊ (၂၀)ရာစု (၉၀)ဆယ်စုနှစ်တွင် စတင်အခြေချခဲ့ပါကြောင်း ဖိလစ်ပိုင်(မနီလာ)အခြေစိုက် ယူနန်ကော်မာရှယ်ကိုယ်စားလှယ်ဌာနမှူး ချိန်ဝိမ်ကျွင်းက မိတ်ဆက်ပြောကြားခဲ့ပါသည်။

ယူနန်တွင် များပြားကြွယ်ဝသော အရင်းအမြစ်ကိုပိုင်ဆိုင်သည်။ ကုန်းတွင်းရာသီဥတုအမျိုးအစား စုံလင်ပါသည်။ ကောင်းမွန်သောဇီဝဂေဟပတ်ဝန်းကျင်ကြောင့် ယူနန်ပြည်နယ်အတွက် များပြားသော အရည်အသွေးမြင့်သော စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းကို ထောက်ပံ့ပေးပြီး တမူထူးခြားသော ထုတ်ကုန်တည်နေရာအားသာချက်ကို ဖန်တီးထားပါသည်။ ယူနန်ကုန်းမြင့်ဒေသ၊ အပူပိုင်းဒေသ၊ ဒုတိယအပူပိုင်းဒေသစသည့် ဒေသတို့ထွက်ရှိသော ထူးခြားသောစားသောက်ကုန်အမျိုးအစား များပြားကြွယ်ဝသည်။ အစိမ်းရောင် စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ခြင်းနှင့်အတူ ယူနန်စိုက်ပျိုးရေးထုတ်ကုန်ထွက်နှုန်းပမာဏနှင့် ထွက်ကုန်ပမာဏတိုးမြှင့်မှုအရှိန်သည် ယခုနှစ်ပိုင်းတွင် များစွာမြှင့်တင်လာပါသည်။ အဆိုပါပြပွဲတွင် ဖိလစ်ပိုင်ပြည်သူပြည်သားတို့သည် ယူနန်ပြည်နယ်၏ထူးခြားသောပန်းမုန့်၊ သစ်ကြားသီး၊ တရုတ်တိုင်းရင်းဆေးထျမ်းမာ၊ ကော်ဖီစသည်တို့ကို အထူးစိတ်ဝင်စားကြောင်း သတင်းထောက်မှတွေ့မြင်ရသည်။ ဖိလစ်ပိုင်လုပ်ငန်းပေါင်း(၁၀)ခုကျော်သည် ယူနန်အစိမ်းရောင်စားသောက်ကုန်၏ အေဂျင်စီရောင်းချသူဖြစ်ရန် ညှိနှိုင်းဆွေးနွေးနေကြောင်းသိရပါသည်။

သတင်းထောက် ကွမ်းရှန့်တုံး

# ကူမင်းမှဟောင်ကောင်သို့အရှိန်မြင့်ရထားဖွင့်လှစ်ပြေးဆွဲလျက်ရှိပြီး (၇.၅)နာရီဖြင့်တိုက်ရိုက်ရောက်နိုင်



စက်တင်ဘာလ(၁၀)ရက် နံနက်(၈)နာရီမှစပြီးကွမ်ကျိုး-စိန်းကျိန့်-ဟောင်ကောင် (အောက်တွင် ကွမ်စိန်းဟောင်ဟုအတိုချုံးခေါ်ဝေါ်သည်)အရှိန်မြင့်ရထားလက်မှတ်ကို တရုတ်ပြည်မဒေသနှင့်ဟောင်ကောင်တွင် တစ်ပြိုင်တည်းရောင်းချခဲ့သည်။ စက်တင်ဘာလ(၂၃)ရက်နေ့ ကွမ်စိန်းဟောင် အရှိန်မြင့်ရထား၏ ဟောင်ကောင်အပိုင်းသည် တရားဝင်ဖွင့်လှစ်ပြေးဆွဲလျက်ရှိသည်။ ယင်းသည် တရုတ်ပြည်မဒေသ အရှိန်မြင့်ရထားကွန်ရက်မှာ ဟောင်ကောင်အထိရောက်ရှိနိုင်သည်ကို ဖော်ပြသည်။ နှစ်ဒေသရှိ အရှိန်မြင့်ရထားတို့ အပြန်အလှန်သွားလာပြေးဆွဲရန်ဖော်ဆောင်ပါသည်။ ကူမင်းသည် လမ်းတလျှောက်ရှိ ဘူတာဂိတ်ဖြစ်ပြီး ဟောင်ကောင်သို့ အရှိန်မြင့်ရထားဖြင့် တိုက်ရိုက်ရောက်နိုင်ရန်လည်း ဖော်မြောက်သည်ဖြစ်သည်။ ကူမင်းတောင်ဖက်ဘူတာမှ ကျိုလုံအနောက်ဖက်ဂိတ်အထိ (၇.၅)နာရီဖြင့် ပြေးဆွဲရသည်။ အဆင့်(၂)ထိုင်ခုံလက်မှတ် (၇၅၀)ယွမ်ဖြင့် ရောင်းချရသည်။

ကွမ်စိန်းဟောင်အရှိန်မြင့်ရထားသည် တရုတ်အရှိန်မြင့်ရထားကွန်ရက်၏ အလေးပါသော အစိတ်အပိုင်းဖြစ်သည်။ စုစုပေါင်းခရီးစဉ် (၁၄၁)ကီလိုမီတာရှည်လျားသည်။ ၎င်းအနက် တရုတ်ပြည်မဒေသအပိုင်းမှာ (၁၁၅)ကီလိုမီတာရှည်လျားပြီး ဟောင်ကောင်အပိုင်းမှာ (၂၆)ကီလိုမီတာရှည်လျားသည်။ တရုတ်ပြည်မဒေသရှိ ကွမ်ကျိုးတောင်ဖက်ဘူတာမှ စိန်းကျိန့်မြောက်ဖက်ဘူတာ၊ ဖူထန်ကျန်အထိ (၂၀၁၁)ခုနှစ် နှစ်ကုန်၊ (၂၀၁၅)ခုနှစ်တွင် ဆောက်လုပ်ပြီးစီးပြီဖြစ်ကာ ပြေးဆွဲခဲ့ပါသည်။ ဟောင်ကောင်အပိုင်းကို ဟောင်ကောင်အထူးအုပ်ချုပ်ရေးဇုန်မှဆောက်လုပ်ခြင်းဖြစ်ပြီး (၂၀၁၀)ခုနှစ်မှ စတင်ခဲ့ခြင်းဖြစ်သည်။

ကွမ်စိန်းဟောင် အရှိန်မြင့်ရထား ဟောင်ကောင်အပိုင်းဖွင့်လှစ်ပြီးနောက် ပေကျင်း၊ ရှန်ဟိုင်း၊ စစ်ကျားကျွမ်း၊ ကျိန့်ကျိုး၊ ဝူဟန့်၊ ချန်းစား၊ ဟန်ကျိုး၊ နန်းချန်း၊ ဖူကျိုး၊ ရှာမိန်၊ ရှန့်ထို၊ ကွေ့ရန်၊ ကွေ့လင်၊ ကူမင်းစသည့်မြို့များ၊ ဘူတာဂိတ်ပေါင်း(၄၀)ကျော်သို့ ရောက်ရှိနိုင်သည်။ ဟောင်ကောင်နှင့် ပြည်မဒေသမြို့ပြတို့၏ အကွာအဝေးကို များစွာလျော့နည်းစေနိုင်သည်။

ဤသတင်းအထွေထွေ